ကရိသံ–စာသစ် အိမ်ထက် ခေါတ်မီး ချက်၍ ညက်ညက် ကြေမွ သက်လျှောကျူသော် အူမ အဆုံး ဝါးလုံး အဆစ် လက်ရှစ်သစ်မျှ ပမာဏခါနိ စာဟောင်း အိမ်ဝယ် စုတွယ်နေလျက် မြေညက်အတု အစာ ဟောင်းအစုသည်။ အတ္ထ၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး လားလားမဟုတ် စက်ဆုတ်ဘွယ်သာ ထင်ရှားရှိပါ သည် တကား။

---

သောပိုးတို့၏ အစာဖြစ်၏၊ တပုံကား ဝမ်းမီးလောင်ရာတွင် ကုန်သွား၏၊ ကျန် ၃-ပုံတွင် တပုံသည် ကျင်ကြီး, တပုံကား ကျင်ငယ် ဖြစ်၏၊ နောက်ဆုံး တပုံသာ အဆီအနှစ်အဖြစ်ဖြင့် ကျန်၍ သွေးသားများကို တိုးပွါးစေသတည်း။

**အစာဟောင်း။** ။ကျင်ကြီး(မစင်) ကိုပင် "အစာဟောင်း" ဟု ဆိုသည်၊ချက်၏အောက်နှင့် ကျောက်ကုန်းဆူးရိုးတို့၏ အတွင်းဝယ် အူမကြီးအဆုံး၌ အစောက်လက် ၈-သစ်ခန့် ရှည်လျားသော ဝါးကျည်တောက်နှင့် သဏ္ဍာန်တူသော အစာဟောင်းအိမ် ရှိ၏၊ အစာသစ်အိမ်၌ ကျရောက်သမျှ အစားအစာတွေသည် ဝမ်းမီးကြောင့် ညက်ညက်ကြေမွအောင် ကျက်၍ အူမကြီး၏ အခေါင်းမှ လျှောသက်ပြီးလျှင် အစာဟောင်းအိမ်ဝယ် (ဝါးဆစ် အတွင်း၌ ထည့်ထားအပ်သော မြေဝါညက်နှင့်တူစွာ)စုပေါင်းမိကြလေသည်၊ ထိုသို့ကြေကျက်စုပေါင်းသော အစာဟောင်းကိုပင် "ကရီသ=ကျင်ကြီး" ဟု ခေါ်၏၊ အရပ်ဒေသအားဖြင့် အစာသစ်သည်